AMATA
HOLDING
PUBLIC CO., LTD.

# ကုမ္ပဏီမှ ချေးငွေပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ အစီအစဉ်နှင့် စပ်လျဉ်း၍ အစုရှယ်ယာရှင်များသို့ အသိပေး ကြေညာခြင်း

ရက်စွဲ။ ။ ၂၀၂၆ ခုနှစ် ၊ ဇွန်လ ၊ ( ၁၂ )ရက်

အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ")နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ ("ကုမ္ပဏီအုပ်စု") ၏ ဒါရိုက်တာအဖွဲ့အနေဖြင့် အစုရှယ်ယာရှင်များနှင့် အများပြည်သူသို့ ရန်ကုန်စတော့ အိတ်ချိန်း (YSX) ၏ ထုတ်ဖော်ပြသခြင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ အောက်ပါအချက်အလက်များကို အသိပေး ကြေညာအပ်ပါသည်။

## ၁။ နောက်ခံအကြောင်းအရာ

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ”)၏ လက်အောက်ခံကုမ္ပဏီ ယူနိုက်တက် အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက် United International Group Limited (“UIG”)သည် ချေးငွေရယူသူအဖြစ် ပုဂံနှင့်အင်းလေးဒေသရှိ ဟိုတယ်နှင့်ဧည့်ဝန်ဆောင်မှုလုပ်ငန်း တိုးချဲ့လုပ်ကိုင်ရန်အတွက် ငွေထုတ်ချေးသူအဖြစ် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်း International Finance Corporation (“IFC”) နှင့် ငွေချေးစာချုပ် တရပ်ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ ၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး အဆိုပါငွေချေးစာချုပ်အရ (UIG) သည် USD ၁၀,၇၀၀,၀၀၀/- အား ထုတ်ယူ၍ လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့ပါသည်။

အဆိုပါချေးငွေနှင့် စပ်လျဉ်း၍ ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီအဖြစ် စတင်ဝင်ရောက်ချိန် ကပင် ကုမ္ပဏီ၏ "စာရင်းဝင်ရန်ဖွင့်ဟကြေငြာစာတမ်း" အပိုဒ် (၃-၂-၅) “အဓိကကျသော ပဋိညာဉ်များ” ၌ ပွင့်လင်း မြင်သာစွာ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သလို၊ နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းများတွင်လည်း အတိုးနှင့်အရင်းပေးဆပ် ရမည့် အခြေအနေများကို အချိန်နှင့်တပြေးညီ တင်ပြခဲ့ပါသည်။

## ၂။ ချေးငွေပြန်လည်ညှိနှိုင်းမှုနှင့် သဘောတူညီချက်အသစ်

- ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၊ ၁၅ ရက်နေ့အထိ စာရင်းများအရ ကုမ္ပဏီမှ (IFC) သို့ ပြန်လည် ပေးဆပ်ရန် ရှိသောပမာဏမှာ ချေးငွေအရင်း၊ ကျသင့်ပြီးအတိုးငွေ၊ ကျသင့်မည့်အတိုးငွေ၊ ပျက်ကွက်မှု အကြောင်းပြု အတိုးငွေနှင့် အခကြေးငွေများအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ (USD) ၁၇,၅၈၁,၈၁၀.၇၆ ဖြစ်ပါ သည်။
- ကုမ္ပဏီအနေဖြင့် ချေးငွေထုတ်ချေးသူ (IFC) နှင့် ချေးငွေပြန်လည်ပေးဆပ်မှုဆိုင်ရာ စည်းကမ်းချက်များ အပေါ် ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ချေးငွေဖြေရှင်းရေးသဘောတူစာချုပ်တရပ်ကို ချုပ်ဆိုနိုင်ခဲ့ပါသည်။
- ထိုချေးငွေဖြေရှင်းရေးသဘောတူစာချုပ်အရ ပေးဆပ်ရမည့်ချေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ (USD) ၁၇,၅၈၁,၈၁၀.၇၆ အား ပြင်ဆင်ပြောင်းလဲထားသော ပေးဆပ်မှုအစီအစဉ်တရပ်နှင့်အညီ မြန်မာနိုင်ငံအတွင်း မြန်မာကျပ်ဖြင့် ပြန်လည်ပေးဆပ်ခြင်းအားဖြင့် ငွေချေးစာချုပ်တစ်ခုလုံးကိုပင် အပြတ်ပေးချေရှင်းလင်းခွင့် ရရှိပါသည်။

## ၃။ ချေးငွေဖြေရှင်းမှုအစီအစဉ်

- အထက်ဖော်ပြပါ ချေးငွေဖြေရှင်းရေးသဘောတူစာချုပ်အား အကြောင်းပြု၍ ကုမ္ပဏီအပေါ် ကျရောက်နေသည့် ပေးရန်တာဝန်များအားလုံးကို အောက်ပါစည်းကမ်းချက်များအရ အပြေအကျေ ဖြေရှင်းရန် ဖြစ်ပါသည်။
- ကုမ္ပဏီအနေဖြင့် (IFC) သို့ ပေးရန်ရှိသော ငွေစုစုပေါင်းအား မြန်မာကျပ် ၃၀,၀၀၀,၀၀၀,၀၀၀/- ဖြင့် လျှော့ပေါ့သတ်မှတ်ခြင်း၊ ချေးငွေအရ ပေးရန်တာဝန်များအား ယင်းကဲ့သို့ အပြေအကျေနှင့် အပြီးအပြတ်ရှင်းလင်းမှုကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက် နေ့မှ စတင်၍ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက် နေ့အထိ အလီလီခွဲ၍ အရစ်ကျပေးချေရန် ဖြစ်ပါသည်။
- ကုမ္ပဏီအနေဖြင့် လိုင်စင်ရမြန်မာဘဏ်တစ်ခု၌ထားရှိသော (IFC) ၏ ဘဏ်စာရင်းသို့ မြန်မာနိုင်ငံအတွင်း မြန်မာကျပ်ငွေဖြင့် ပေးသွင်းရန် ဖြစ်ပါသည်။

## ၄။ ပေးဆပ်ရန်ဆောင်ရွက်မှု

- ပြန်လည်ပေးဆပ်ရန်အတွက် အဓိကရန်ပုံငွေအရင်းအမြစ်မှာ ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှု နှင့် ဝင်ငွေအပေါ်သိသာထင်ရှားသောသက်ရောက်မှုမရှိသည့် လုပ်ငန်းပိုင်ဆိုင်မှုတချို့အားရောင်းချခြင်းနှင့် ဆက်စပ်ပတ်သက်သူများထံမှ (သို့မဟုတ်) ဒါရိုက်တာများထံမှရန်ပုံငွေရယူခြင်းမှ ရရှိလာရန်ဖြစ်ပါသည်။
- ကုမ္ပဏီအနေဖြင့် ဒါရိုက်တာများထံမှ ကြားဖြတ်ရန်ပုံငွေ မြန်မာကျပ်ငွေ ( ၅,၀၀၀,၀၀၀,၀၀၀ /-) ရယူခဲ့ပြီး ပထမအကြိမ် အရစ်ကျ ပေးချေမှုကို ဆောင်ရွက်ခဲ့ပါသည်။
- ကုမ္ပဏီအနေဖြင့် ကျန်ရှိသောချေးငွေပြန်ဆပ်မှုတာဝန်များကို ဆက်လက်ဆောင်ရွက်ရာတွင်လည်း (IFC) နှင့် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားမည်ဖြစ်ကာ လိုအပ်သောထုတ်ပြန်ကြေညာချက်များကိုလည်း ထပ်မံပြုလုပ်သွားပါမည်။

## ၅။ သက်ဆိုင်ရာအာဏာပိုင်များ၏ ခွင့်ပြုချက်

အဆိုပါ ချေးငွေပြန်လည်ပေးဆပ်ခြင်းနှင့် လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို စာချုပ်ပါအတိုင်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ တင်ပြခဲ့ပြီးဖြစ်ရာ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ တွင် သက်ဆိုင်ရာမှ ခွင့်ပြုချက်များ ရရှိခဲ့ပြီးဖြစ်ပါသည်။

## ၆။ ရရှိမည့်အကျိုးကျေးဇူးများ

- အဆိုပါ ချေးငွေဖြေရှင်းရေးသဘောတူစာချုပ်အရ ပေးဆပ်မှုအစီအစဉ်အား မြန်မာနိုင်ငံအတွင်း မြန်မာကျပ်ငွေဖြင့်ပြန်လည်ပေးဆပ်ခြင်းအားဖြင့် ချေးငွေစာချုပ်တစ်ခုလုံးကို အပြီးသတ်ပေးချေရှင်းလင်းခွင့် ရရှိသည့်အပြင် မြန်မာနိုင်ငံမှ ပြည်ပသို့ မည်သည့်နိုင်ငံခြားငွေမှ လွှဲပြောင်းရန် လိုအပ်မည်မဟုတ်ပါ။

- ကုမ္ပဏီအနေဖြင့် မူလပေးဆပ်ရမည့် ချေးငွေပမာဏ (USD) ၁၇,၅၈၁,၈၁၀.၇၆ အစား လျှော့ပေါ့ ပမာဏ ဖြစ်သော ပေးရန်ရှိသောငွေစုစုပေါင်းအား မြန်မာကျပ် ၃၀,၀၀၀,၀၀၀,၀၀၀/- အဖြစ် လျှော့ပေါ့၍ ပေးရန် တာဝန်များအား အပြေအကျေနှင့် အပြီးအပြတ်ပေးဆပ်ခွင့် ရရှိခဲ့ပါသည်။

- ဤသို့ လျှော့ပေါ့ပေးဆပ်ခွင့်ရရှိခြင်းကြောင့် ကုမ္ပဏီ၏ ရေရှည်ဘဏ္ဍာရေးအခြေအနေ (Financial Position) နှင့် အမြတ်အစွန်းရရှိမှုအပေါ် ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးဝင်းအောင်

ဥက္ကဋ္ဌ